# ကလေးသူငယ်များအကာအကွယ်ပေးရေးမူဝါဒ

ကလေးများ၊ လူငယ်များနှင့် အချိန်ကြာမြင့်စွာထိတွေ့ဆက်ဆံရသည့် မည်သည့်အဖွဲ့အစည်းမဆို ဘေးကင်းလုံခြုံရေးနှင့် အကာအကွယ်ပေးရေးအတွက် အသေးစိတ်လမ်းညွှန်ချက်များနှင့် စည်းမျဉ်းစည်းကမ်းများလိုအပ်ပါသည်။ ၂၁ ရာစုတွင် ကလေးများရင်ဆိုင်နေရသောအန္တရာယ်များကိုကာကွယ်ရန်နှင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ စိတ်ခံစားမှုပိုင်းဆိုင်ရာဘေးကင်းရေးအတွက် စနစ်တကျချမှတ်ထားသော လုပ်ထုံးလုပ်နည်းများလိုအပ်ပါသည်။

ထိုကြောင့် Brainworks-Total-Group of Schools ကျောင်းအုပ်စုသည် ကျောင်းသားများ၏လုံခြုံရေးကိုအဓိကထားသောလုပ်ငန်းစဉ်များပါဝင်သည့် “အကာအကွယ်ပေးရေးမူဝါဒ” (Safeguarding Policy) ကို ချမှတ်ကျင့်သုံးပါသည်။ ဤမူဝါဒသည် ကျောင်း၏အခြားမူဝါဒများဖြစ်သော (ဥပမာ - အနိုင်ကျင့်မှုကာကွယ်ရေး၊ ဝန်ထမ်းခန့်အပ်ရေး၊ ကျောင်းသားအပြုအမူ၊ ကျန်းမာရေးနှင့်ဘေးကင်းလုံခြုံရေး) မူဝါဒများနှင့်လည်းကိုက်ညီပါသည်။

## ရည်မှန်းချက်များ

- ❖ ကလေးတစ်ဦးအား အန္တရာယ်ဖြစ်စေနိုင်သည်ဟုသံသယရှိပါက ကျောင်းဝင်းအတွင်းဝန်ထမ်းများအားလုံးလိုက်နာရမည့်စနစ်တကျဖွဲ့စည်းထားသော လုပ်ထုံးလုပ်နည်းများဖော်ဆောင်ရန်။
- ❖ ဝန်ထမ်းအားလုံးသည် ကလေးအကာအကွယ်ပေးရေးတာဝန်များ၊ ဘေးကင်းသောအလေ့အကျင့်များကိုမြှင့်တင်ရန်နှင့် မသင့်လျော်သော/မလုံခြုံသောအပြုအမူများကို စောင့်ကြည့်ရန်အသိပေးထားရှိရန်။
- ❖ ဝန်ထမ်းများနှင့်ကျောင်းသားများအား မိမိတို့၏လုံခြုံရေးနှင့်ပတ်သတ်၍သော်လည်းကောင်း၊ ပတ်ဝန်းကျင်ရှိသူများ၏ လုံခြုံရေးဆိုင်ရာစိုးရိမ်မှုများကိုလည်းကောင်း ရဲဝံ့စွာဖော်ပြနိုင်သော ယဉ်ကျေးမှုတစ်ခုဖန်တီးရန်။
- ❖ ကျောင်း၏ကလေးအကာအကွယ်ပေးရေးကတိကဝတ်ကို ကျောင်းသားများ၊ မိဘများနှင့် အခြားလုပ်ဖော်ကိုင်ဖက်များထံပြသရန်။

## လုပ်ထုံးလုပ်နည်းများ/အစီအစဉ်များ

- ❖ ဝန်ထမ်းအားလုံးသည် ဤမူဝါဒကိုအကောင်အထည်ဖော်ရန်တာဝန်ရှိသည်။
- ❖ ဝန်ထမ်းများအားလုံး (လက်ရှိဝန်ထမ်းများနှင့် အသစ်ထပ်မံဝင်ရောက်လာသောဝန်ထမ်းများ) အား “ကလေးအကာအကွယ်ပေးရးမူဝါဒ”၊ “အနိုင်ကျင့်မှုကာကွယ်ရေးမူဝါဒ” အပါအဝင် အခြားဆက်စပ်မူဝါဒများကို ပုံမှန်လေ့ကျင့်ပေးခြင်း၊ အသိပညာပေးခြင်းပြုလုပ်ပေးရန်။
- ❖ ကလေးတစ်ဦးအား ချက်ချင်းအန္တရာယ်ဖြစ်နိုင်ခြေ (သို့မဟုတ်) အနိုင်ကျင့်ခံရမှုကိုဖွင့်ဟပြောဆိုပါက ဌာနမှူးနှင့်အတိုင်ပင်ခံအရာရှိထံအမြန်ဆုံးသတင်းပို့ရန်။
- ❖ အကာအကွယ်ပေးရေးနှင့် ကလေးအခွင့်အရေးဆိုင်ရာကိစ္စရပ်များကို အလွန်အမင်းလျှို့ဝှက်ထားရန်။ ဤသို့ပြုလုပ်ခြင်းဖြင့် ဆက်စပ်နေသောကလေးနှင့် အခြားသူများ၏လုံခြုံရေးကိုအာမခံသည်။
- ❖ အကာအကွယ်ပေးရေးနှင့် ကလေးအခွင့်အရေးဆိုင်ရာမှတ်တမ်းများကို ပုံမှန်ဖိုင်များနှင့်သီးခြားသိမ်းဆည်းထားပြီး ကျောင်း၏ “ဒေတာအကာအကွယ်ပေးရေးမူဝါဒ” အရ ကာကွယ်ထားသည်။ ထိုမှတ်တမ်းများကိုကြည့်ရှုလိုပါက ကျောင်းအုပ်ထံတိုက်ရိုက်ဆက်သွယ်ရန်။
- ❖ ပညာသင်နှစ်အစောပိုင်းတွင် ကျောင်းသားများအား အကြမ်းဖက်မှုအမျိုးမျိုးနှင့် အွန်လိုင်းလုံခြုံရေး (ဆိုက်ဘာအနိုင်ကျင့်မှု၊ ဖုန်းအသုံးပြုမှုစည်းကမ်းများအပါအဝင်) ဆိုင်ရာ ဟောပြောပွဲများဖြင့် ပညာပေးရန်။

- ပြည်တွင်း/ပြည်ပမှခန့်ထားသောဝန်ထမ်းများ၏ နောက်ခံအချက်အလက်စစ်ဆေးမှုကို တင်းကျပ်စွာလုပ်ဆောင်ရန်။ ဝန်ထမ်းအားလုံးသည် ကျောင်း၏ "လုပ်ငန်းကျင့်ဝတ်နှင့်အပြုအမူမူဝါဒ"ကို လက်မှတ်ရေးထိုးပြီးမှသာတာဝန်ထမ်းဆောင်ရန်။
- ကျောင်းလာရောက်လည်ပတ်သူများအားလုံး ကျောင်းတံခါးဝတွင် အချက်အလက်မှတ်ပုံတင်စေပြီး လာရောက်ရသည့်အကြောင်းအရင်းကိုဖော်ပြစေရန် (ချိန်းဆိုထားသူများမှအပ)။
- ကျောင်းခရီးစဥ်များ/ကျောင်းပြင်ပလှုပ်ရှားမှုများမတိုင်မီ ကလေးအကာအကွယ်ပေးရေးအခြေခံများနှင့် လိုအပ်သောအစီအစဥ်များပြည့်စုံစေရန်။
- ကျောင်းတွင်ဖျော်ဖြေပွဲများ/နေ့စဥ်လှုပ်ရှားမှုများကို မှတ်တမ်းတင်ရန်ခွင့်ပြုချက်မရှိသူများအား ဓာတ်ပုံ/ ဗီဒီယိုရိုက်ကူးခြင်းကို ကန့်သတ်ထားသည်။ "အခြေအနေနှင့်စည်းမျဥ်းများမူဝါဒ"တွင် ကျောင်းသားများ၏ ကိုယ်ရေးကိုယ်တာနှင့် ဒီဂျစ်တယ်အကြောင်းအရာများအသုံးပြုမှုဆိုင်ရာစည်းကမ်းများပါဝင်သည်။
- ကျောင်းသားတစ်ဦး၏ ဘေးကင်းရေးနှင့်ကျန်းမာရေးကိုခြိမ်းခြောက်နိုင်သော မူးယစ်ဆေးဝါးနှင့် အခြားမသင့်လျော်သောပြုအမူများကို "အပြုအမူမူဝါဒ"အရ တင်းကျပ်စွာအရေးယူသည်။

ဤ"ကလေးသူငယ်များအကာအကွယ်ပေးရေးမူဝါဒ" သည် ကျောင်း၏အခြားမူဝါဒများနှင့်ဆက်စပ်နေပြီး နှစ်စဥ်မွမ်းမံကာ လိုအပ်ပါကပြင်ဆင်ဖြည့်စွက်နိုင်ပါသည်။